**OFFICE OF THE SUPREME HEADQUARTERS**
**KAREN NATIONAL UNION**
**KAWTHOOLEI**
www.karennationalunion.net

## ပဒိုမန်းငြိမ်းမောင် ပြန်လွတ်မြောက်လာမှုအပေါ်
## ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ကြေညာချက်

မတ်လ ၂၆ ရက်၊ ၂၀၁၂ခုနှစ်။

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဗဟိုအမြဲတမ်းကော်မတီဝင် ပဒိုမန်းငြိမ်းမောင်ကို တစ်သက်တစ်ကျွန်းနှင့် ထောင်ဒဏ် ၃ နှစ် ချမှတ်ခံရခြင်းမှ မြန်မာနိုင်ငံအစိုးရ သမ္မတ ဦးသိန်းစိန်အမိန့်ဖြင့် ပြစ်ဒဏ်များကို မတ်လ (၁၉) ရက်တွင် ပြန်လွှတ်ပေးခဲ့သည်။

မတ်လ ၂၄ ရက်နေ့တွင် ပဒိုမန်းငြိမ်းမောင်သည် မိခင် ကေအဲန်ယူ အဖွဲ့အစည်းထံသို့ ပြန်လည်ရောက်ရှိလာသည့်အပေါ် ကေအဲန်ယူမှ ဝမ်းမြောက်စွာ ကြိုဆိုပါသည်။ ဤသို့ အစိုးရ၏ လုပ်ဆောင်ချက်သည် ကေအဲန်ယူနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးနေသည့်ကာလအတွင်း ပွင့်လင်းခိုင်မာသည့် ဆက်ဆံရေးကို တည်ဆောက်ရန် အထောက်အကူ ဖြစ်စေသည်ဟု ကေအဲန်ယူမှ ယုံကြည်ပါသည်။

မြန်မာပြည်၏ ငြိမ်းချမ်းရေး ရရှိရန်နှင့် ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်တွင် နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်မှုသည် အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်ရာ ဦးသိန်းစိန် အစိုးရအနေဖြင့် မြန်မာပြည် အကျဉ်းထောင်အတွင်း ကျန်ရှိနေသေးသည့် တိုင်းရင်းသားများ အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်ကိုလည်း ကေအဲန်ယူမှ တိုက်တွန်းလိုက်ပါသည်။

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်

ဆက်သွယ်ရန်– (၆၆) ၈၄ ၃၈၁ ၄၆၇၉